# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနယ်မြေအသုံးစရိတ်များ ပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေဖြည့်ဆည်းပေးမှုနှင့် ထောက်ပံ့မှုများ အပါအဝင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ၂၀၁၉ ခုနှစ် ဇွန်လ(၁၇)ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးက အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လိုငွေ ဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအပါအဝင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု |
|---|---|---|
| (က) | **ရငွေများ** | **၂၅,၃၁၂ . ၅၅၉** |
| | (၁) သာမန် | ၂၀,၇၂၅ . ၆၂၈ |
| | (၂) ငွေလုံးငွေရင်း | ၄၈၆ . ၃၃၃ |
| | (၃) ကြွေးမြီ | ၃,၁၀၀ . ၅၉၈ |
| (ခ) | **သုံးငွေများ** | **၃၂,၃၃၉ . ၆၂၃** |
| | (၁) သာမန် | ၂၃,၀၉၄ . ၄၇၈ |
| | (၂) ငွေလုံးငွေရင်း | ၇,၈၂၅ . ၂၀၅ |
| | (၃) ကြွေးမြီ | ၁,၄၂၀ . ၂၄၀ |

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု |
|---|---|
| (ဂ) ပိုငွေ(+) /လိုငွေ(-) | (-) ၇,၀၂၇ . ၃၆၄ |
| (ဃ) ဂျီဒီပီတန်ဖိုး | ၁၁၉,၀၂၃ . ၄၀၅ |
| (င) လိုငွေနှင့်ဂျီဒီပီအချိုး | ၅ . ၉၀% |

၃။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ရှေ့ပြေးအမှန်စာရင်း | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| (က) သာမန်ရငွေ | ၁၆,၇၁၉ . ၂၆၅ | ၂၁,၇၂၅ . ၆၂၈ | (+) ၅,၀၀၆ . ၃၆၃ |
| (ခ) ငွေလုံးငွေရင်းရငွေ | ၁၂၆ . ၁၀၆ | ၄၈၆ . ၃၃၃ | (+)၃၆၀ . ၂၂၇ |
| (ဂ) ကြွေးမြီရငွေ | ၉၃၆ . ၄၄၈ | ၃,၁၀၀ . ၅၉၈ | (+) ၂,၁၆၄ . ၁၅၀ |
| စုစုပေါင်း | ၁၇,၇၈၁ . ၈၁၉ | ၂၅,၃၁၂ . ၅၅၉ | (+) ၇,၅၃၀ . ၇၄၀ |

၄။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့၏ ယမန်နှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ရှေ့ပြေးအမှန်စာရင်း | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| (က) သာမန်အသုံးစရိတ် | ၁၅,၃၉၆ . ၉၅၀ | ၂၃,၀၉၄ . ၄၇၈ | (+) ၇,၆၉၇ . ၅၂၈ |
| (ခ) ငွေလုံးငွေရင်းအသုံးစရိတ် | ၄,၀၆၃ . ၁၁၄ | ၇,၈၂၅ . ၂၀၅ | (+) ၃,၇၆၂ . ၀၉၁ |
| (ဂ) ကြွေးမြီအသုံးစရိတ် | ၇၁၆.၄၇၇ | ၁,၄၂၀ . ၂၄၀ | (+) ၇၀၃ . ၇၆၃ |
| စုစုပေါင်း | ၂၀,၁၇၆ . ၅၄၁ | ၃၂,၃၃၉ . ၉၂၃ | (+) ၁၂,၁၆၃ . ၃၈၂ |

၅။ ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်းအသုံးစရိတ်နှင့် လိုငွေတို့၏ ယမန်နှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ရှေ့ပြေးအမှန် စာရင်း | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၁၇,၇၈၁ . ၈၁၉ | ၂၅,၃၁၂ . ၅၅၉ | (+) ၇,၅၃၀ . ၇၄၀ |
| စုစုပေါင်းအသုံးစရိတ် | ၂၀,၁၇၆ . ၅၄၁ | ၃၂,၃၃၉ . ၉၂၃ | (+) ၁၂,၁၆၃ . ၃၈၂ |
| ပိုငွေ(+) /လိုငွေ(-) | (-) ၂,၃၉၄ . ၇၂၂ | (-) ၇,၀၂၇ . ၃၆၄ | (+) ၄,၆၃၂ . ၆၄၂ |
| ဂျီဒီပီတန်ဖိုး | ၉၀,၄၅၀.၉၄၉ | ၁၁၉,၀၂၃ . ၄၀၅ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၂ . ၆၅% | ၅ . ၉၀% | |

၆။ ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေတို့ဖြင့် သုံးစွဲရန်လျာထားသည့် မြန်မာကျပ်ငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|
| (က) | ပြည်ပအကူအညီရငွေဖြင့် သုံးစွဲမည့်ငွေ | ၂၁၂ . ၉၁၉ | ၄၈၅ . ၆၂၀ | ၅ . ၁၄၅ | ၇၀၃ . ၆၈၄ |
| (ခ) | ပြည်ပချေးငွေဖြင့် သုံးစွဲမည့်ငွေ | ၃၀ . ၀၀၈ | ၂,၄၂၂ . ၇၆၅ | ၁၇၂ . ၀၆၀ | ၂,၆၂၄ . ၈၃၃ |
| | စုစုပေါင်း | ၂၄၂ . ၉၂၇ | ၂,၉၀၈ . ၃၈၅ | ၁၇၇ . ၂၀၅ | ၃,၃၂၈ . ၅၁၇ |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ပြည်ပအကူအညီရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၀.၃၈၈ ဘီလီယံဖြစ်ပြီး ပြည်ပချေးယူရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၁ . ၇၂၁ ဘီလီယံ ဖြစ်ပါသည်။

၇။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေကျပ် ၂,၁၁၄ . ၃၈၆ ဘီလီယံ ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးရန် လျာထားပါသည်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှအပဖြစ်သော ကျပ်ငွေဖြင့် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်၏ ၅% နှင့် တံဆိပ်ခေါင်းခွန်၏ ၂% ၊ စုစုပေါင်း ကျပ် ၃၄၉ . ၈၄၁ ဘီလီယံကို အခွန်ဝေစု အဖြစ် ခွဲဝေပေးခဲ့ပါသည်။

၈။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က မြို့နယ်ကိုအခြေခံ၍ ခွဲဝေသတ်မှတ်သည့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်သုံးစွဲရန် ကျပ် ၃၁ . ၇၀၀ ဘီလီယံကို အထူးကိစ္စများအတွက် ထောက်ပံ့မှုအဖြစ် သတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပေးရန် ထည့်သွင်းလျာထားပါသည်။

၉။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျပ် ၅၀ ဘီလီယံ၊ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကျပ် ၃၆ ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ်များ တွင် ကျပ် ၁၄ ဘီလီယံ ခွဲဝေလျာထားပါသည်။

၁၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ကစပြီး ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း SEE Account (UFA-SEE) နှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း Other Account (UFA-OA) ဖွင့်လှစ် ဆောင်ရွက်နေသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများကို (UFA-SEE) Account တစ်ခုတည်းဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများ၏ ကုန်သွယ်မှု (အရှုံး/အမြတ်)

စာရင်းအရ အမြတ်ရရှိပါက ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသောအမြတ်ငွေများ အားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရန် ပြောင်းလဲသတ်မှတ်ထားပါသည်။ UFA (OA) စာရင်းများကို စာရင်းစစ်ဆေးပြီးနောက် စနစ်တကျ ပိတ်သိမ်းရမည် ဖြစ်ပါသည်။

၁၁။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ကောက်နုတ်တင်ပြချက်များကို **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြပါသည်။

၁၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ရယူပြီး ဖြစ်ပါသည်။

၁၃။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံ တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍
# ကောက်နုတ်တင်ပြချက်

## ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေအခြေအနေ

၁။ နှစ်အလိုက် တိုးတက်လာသည့် ရငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ရငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၁-၂၀၁၂(အမှန်) | ၆,၄၅၃ . ၆၅၈ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၂,၁၅၄ . ၈၄၇ | ၅,၇၀၁ . ၁၈၉ | ၈၈ . ၃၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၂၀၄ . ၃၃၃ | ၂,၀၄၉ . ၄၈၆ | ၁၆ . ၈၆% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၆,၈၀၈ . ၆၅၁ | ၂,၆၀၄ . ၃၁၈ | ၁၈ . ၃၃% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁၆,၅၉၈ . ၉၅၅ | (-) ၂၀၉ . ၆၉၆ | (-) ၁ . ၂၅% |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁၆,၉၆၉ . ၆၇၅ | ၃၇၀ . ၇၂၀ | ၂ . ၂၃% |
| ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၁၇,၇၈၁ . ၈၁၉ | ၈၁၂ . ၁၄၄ | ၄ . ၇၉% |
| ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၁,၈၆၆ . ၈၉၇ | ၄,၀၈၅ . ၀၇၈ | ၂၂ . ၉၇% |
| ၂၀၁၉-၂၀၂၀ (မူလ) | ၂၅,၃၁၂ . ၅၅၉ | ၃,၄၄၅ . ၆၆၂ | ၁၅ . ၇၆% |

## ၂၀၁၁-၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ သုံးငွေအခြေအနေ

၂။ နှစ်အလိုက်တိုးတက်လာသည့် သုံးငွေအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၁-၂၀၁၂(အမှန်) | ၈,၀၈၃ . ၃၀၄ | | |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁၃,၄၀၅ . ၆၀၂ | ၅,၃၂၂ . ၂၉၈ | ၆၅ . ၈၄% |

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၃-၂၀၁၄(အမှန်) | ၁၄,၉၁၀ . ၃၉၃ | ၁,၅၀၄ . ၇၉၁ | ၁၁ . ၂၃% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁၇,၆၀၀ . ၆၀၇ | ၂,၆၉၀ . ၂၁၄ | ၁၈ . ၀၄% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁၉,၆၅၃ . ၇၁၄ | ၂,၀၅၃ . ၁၀၇ | ၁၁ . ၆၆% |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁၈,၉၄၀ . ၇၆၅ | (-)၇၁၂ . ၉၄၉ | (-) ၃ . ၆၃% |
| ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၂၀,၁၇၆ . ၅၄၁ | ၁,၂၃၅ . ၇၇၆ | ၆ . ၅၂% |
| ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၂၇,၁၆၀ . ၁၈၅ | ၆,၉၈၃ . ၆၄၄ | ၃၄ . ၆၁% |
| ၂၀၁၉-၂၀၂၀ (မူလ) | ၃၂,၃၃၉ . ၉၂၃ | ၅,၁၇၉ . ၇၃၈ | ၁၉ . ၀၇% |

## ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ လိုငွေအခြေအနေ

၃။ နှစ်အလိုက်ဖြစ်ပေါ်သည့် လိုငွေ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | လိုငွေပမာဏ | လိုငွေနှင့်ဂျီဒီပီအချိုး |
|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁,၆၂၉ . ၆၄၆ | ၃ . ၅၀% |
| ၂၀၁၂-၂၀၁၃(အမှန်) | ၁,၂၅၀ . ၇၅၅ | ၂ . ၄၄% |
| ၂၀၁၃-၂၀၁၄(အမှန်) | ၇၀၆ . ၀၆၀ | ၁ . ၁၉% |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၇၉၁ . ၉၅၆ | ၁ . ၂၀% |
| ၂၀၁၅-၂၀၁၆(အမှန်) | ၃,၀၅၄ . ၇၅၉ | ၄ . ၂၀% |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁,၉၇၁ . ၀၉၀ | ၂ . ၄၃% |
| ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၂,၃၉၄ . ၇၂၂ | ၂ . ၆၅% |
| ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၅,၂၉၃ . ၂၈၈ | ၅ . ၀၁% |
| ၂၀၁၉-၂၀၂၀ (မူလ) | ၇,၀၂၇ . ၃၆၄ | ၅ . ၉၀% |

<u>၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြည့်ဆည်းခြင်း၊ ထောက်ပံ့ခြင်း အခြေအနေ</u>

၄။ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | လိုငွေအတွက် ဖြည့်ဆည်းပေးခြင်း | အထူးကိစ္စအတွက် ထောက်ပံ့ပေးခြင်း | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၁-၂၀၁၂(အမှန်) | ၁၆၀ . ၂၀၁ | | ၁၆၀ . ၂၀၁ |
| ၂၀၁၂-၂၀၁၃(အမှန်) | ၄၃၇ . ၀၃၈ | ၁၆ . ၀၀၀ | ၄၅၃ . ၀၃၈ |
| ၂၀၁၃-၂၀၁၄(အမှန်) | ၄၉၈ . ၂၈၀ | ၁၄ . ၀၀၀ | ၅၁၂ . ၂၈၀ |
| ၂၀၁၄-၂၀၁၅ (အမှန်) | ၁,၄၇၇ . ၈၂၀ | ၈၁ . ၅၉၉ | ၁,၅၅၉ . ၄၁၉ |
| ၂၀၁၅-၂၀၁၆(အမှန်) | ၁,၅၉၁ . ၈၄၀ | ၁၁၅ . ၂၉၃ | ၁,၇၀၇ . ၁၃၃ |
| ၂၀၁၆-၂၀၁၇ (အမှန်) | ၁,၆၂၇ . ၇၀၈ | ၃၁ . ၆၃၂ | ၁,၆၅၉ . ၃၄၀ |
| ၂၀၁၇-၂၀၁၈ (ရှေ့ပြေးအမှန်) | ၁,၅၆၈ . ၁၈၈ | ၃၁ . ၆၇၁ | ၁,၅၉၉ . ၈၅၉ |
| ၂၀၁၈-၂၀၁၉ (ပြုပြင်ပြီး ခန့်မှန်းခြေ) | ၁,၈၇၂ . ၅၉၉ | ၃၂ . ၂၀၀ | ၁,၉၀၄ . ၇၉၉ |
| ၂၀၁၉-၂၀၂၀(မူလ) | ၂,၁၁၄ . ၃၈၆ | ၃၁ . ၇၀၀ | ၂,၁၄၆ . ၀၈၆ |

မှတ်ချက်။ လိုငွေအတွက် ဖြည့်ဆည်းပေးခြင်းမှာ တိုင်းဒေသကြီး/ပြည်နယ်များ၏ သုံးငွေက ရငွေထက် ပိုမိုသဖြင့် ဖြစ်ပေါ်လာသော လိုငွေအတွက် ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

<u>တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းခြင်း</u>

၅။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ဘဏ္ဍာရေးကော်မရှင်က အတည်ပြုလျာထားသော လိုငွေဖြည့်ဆည်းပေးမည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| တိုင်းဒေသကြီး/ပြည်နယ် | လိုငွေဖြည့်ဆည်းပေးခြင်း |
|---|---|
| ကချင်ပြည်နယ် | ၁၇၄ . ၉၄၁ |
| ကယားပြည်နယ် | ၆၅ . ၀၂၀ |
| ကရင်ပြည်နယ် | ၉၆ . ၅၃၆ |
| ချင်းပြည်နယ် | ၁၅၅ . ၇၆၆ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၉ . ၉၁၄ |
| တနင်္သာရီတိုင်းဒေသကြီး | ၁၅၉ . ၅၇၆ |
| ပဲခူးတိုင်းဒေသကြီး | ၁၄၈ . ၅၃၁ |
| မကွေးတိုင်းဒေသကြီး | ၁၇၇ . ၅၅၃ |
| မန္တလေးတိုင်းဒေသကြီး | ၁၃၇ . ၀၇၈ |
| မွန်ပြည်နယ် | ၉၉ . ၆၅၈ |
| ရခိုင်ပြည်နယ် | ၁၆၉ . ၇၂၈ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၂၆ . ၄၃၂ |
| ရှမ်းပြည်နယ် | ၂၅၀ . ၆၉၀ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၄၂ . ၉၆၃ |
| ပေါင်း | ၂,၁၁၄ . ၃၈၆ |

<u>ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက်</u>

၆။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

| တိုင်းဒေသကြီး/ပြည်နယ် | အခွန်ဝေစုလျာထားချက် |
|---|---|
| ကချင်ပြည်နယ် | ၅ . ၇၀၁ |
| ကယားပြည်နယ် | ၂ . ၇၆၀ |
| ကရင်ပြည်နယ် | ၅ . ၃၃၄ |
| ချင်းပြည်နယ် | ၅ . ၆၃၁ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၈ . ၀၅၀ |
| တနင်္သာရီတိုင်းဒေသကြီး | ၄ . ၃၄၉ |
| ပဲခူးတိုင်းဒေသကြီး | ၆ . ၂၈၀ |
| မကွေးတိုင်းဒေသကြီး | ၅ . ၈၅၁ |
| မန္တလေးတိုင်းဒေသကြီး | ၂၇ . ၈၀၄ |
| မွန်ပြည်နယ် | ၃ . ၆၂၂ |
| ရခိုင်ပြည်နယ် | ၆ . ၈၆၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၂၄၈ . ၀၄၇ |
| ရှမ်းပြည်နယ် | ၁၂ . ၂၅၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၆ . ၉၉၃ |
| ပေါင်း | ၃၄၉ . ၈၄၁ |